# ဒေါ်အောင်ဆန်းစုကြည်ရဲ့စာ၊ ဗိုလ်သန်းရွှေ ဘာပြောမလဲ၊ မောင်စူးစမ်း ဘာရေးမလဲ။

(၂၁ - ၁၁ - ၂၀၀၉)

(၁) ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗိုလ်သန်းရွှေထံပေးစာ ဖတ်ရသည်။ အိတ်ဖွင့်ပေးစာ မဟုတ်။ သို့သော် ဘယ်ကဘယ်လို လမ်းချော်ပြီး 'အိတ်ဖွင့်ပေးစာ' လို ဖြစ်သွားသလဲ မသိပါ။ သိလည်း မသိချင်ပါ။ ကိုယ့်ကိစ္စ မဟုတ်လို့ ဖြစ်ပါသည်။ NLD ကတော့ သတိရှိသင့်ပါသည်။

(၂) မိမိတို့စိတ်ဝင်စားတာက ဒေါ်အောင်ဆန်းစုကြည်ပေးစာရဲ့ အတွင်းသဘောဖြစ်သည်။ အခြေအနေနဲ့ လိုက်လျောညီထွေ 'ရွှေဂုံတိုင်ရပ်တည်ချက်' ကို တိုးချဲ့ထားတာဖြစ်လို့ အားရပါသည်။

(၃) ဗိုလ်သန်းရွှေက ထုံးစံအတိုင်း ဘာမှတိုက်ရိုက် ပြန်ကြားမှာ မဟုတ်ပါဘူး။ "နိုင်ငံရေးဈေးမဆစ်နဲ့" "ဈေးဆစ်နိုင်တဲ့အင်အားမရှိဘဲ ဈေးဆစ်တာဟာ ရူးသွပ်တာပဲ" ရေးကြတဲ့ မောင်စူးစမ်းနဲ့ 'ဝေလေလေ' များက ဘယ်လိုရေးလာကြမလဲ ဆိုတာပဲ စောင့်ကြည့်မှာပါ။

"သံချပ်တိုင်ပေးတဲ့ ဆရာကြီး" က "နွားရှေ့ထွန်ကျူး" တော့ လုပ်ဝံ့မည် မထင်ပါ။ ဗိုလ်သန်းရွှေတို့ရဲ့ သဘောထားကို သိပြီးမှပဲ ရေးလာမယ် ထင်ပါတယ်။

ကုန်းပြန်တာ (၂) ကြိမ်လုပ်ပြီးတဲ့ 'ပစ်ပြီးသားကျည်ခွံ' က ဒီလိုကိစ္စမျိုးမှာတော့ ဆရာဝင်လုပ်မှာမဟုတ်ဟု ထင်ပါသည်။ တာဝန်ပေးမှပဲ ရေးဝံ့မှာပါ။ 'စာပေကောင်ပေတိုင်တပ်မှူး' နဲ့ 'ပုံပြောဘက်' ဖြစ်ပြီး ရင်းနှီးနေတော့ သူက ကြိုပြီး နအဖ သဘောကို သိနိုင်မှာပါ။

www.cpburma.org